ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## မှန်ပင်ကျေးရွာ ၊ မော်ခါးကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ


၁။ ပင်လည်ဘူးမြို့နယ် မြေပုံ....................2

၂။ မော်ခါးအုပ်စုမြေပုံ....................3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ....................4

၄။ ကျေးရွာအခြေခံအချက်အလက်များ....................4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်....................6

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ....................8

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ....................27

၈။ ကော်မတီဝင်များစာရင်း....................31

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်....................32

၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်....................35


၁၁။ ပုံစံ စ-၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ....................37

၁၂။ပုံစံ -စ-၄ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ....................39


၁၃။ အစည်းအဝေး မှတ်တမ်းများ....................40

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်....................44

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



## ၂။ မော်ခါးအုပ်စုမြေပုံ



မော်ခါးကျေးရွာအုပ်စု
မ
တောင်ခြေရှင်း
မံပင်
တံခေါက်တော
ခဲတွင်း
သာယာကုန်း
မော်ကြီး
မော်ခါး
ရှင်ဖာ
ရည်ညွှန်းချက်
ကျေးရွာအုပ်စု
ကျေးရွာ
ချောင်း
ကားလမ်း
အုပ်စုနယ်နိမိတ်
မြို့နယ်နိမိတ်

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မော်ခါးကျေးရွာအုပ်စုတွင် တောင်ခြေရင်း၊ ကန်ပေါက်တာ၊ အောင်ချမ်းသာ၊ မှန်ပင်၊ မော်ကြီး၊ ခဲတွင်း (၆) ရွာ ဖြစ်ပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ မော်ခါးအုပ်စု၊ မော်ကြီးကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ခန့်က စတင်ကာ ကဒူးလူမျိုးများ နေထိုင်ကြပါသည်။ မော်ကြီးကျေးရွာသည် ဆားများထွက်ကာ ဆားတွင်း (၆) တွင်းရှိရာ မော်ဟုခေါ်ကာ မော်ကြီးဟုခေါ်တွင်လာသည်။ ယခင်က ချင်းတိုင်းရင်းသားများ နေထိုင်ကြသည်။ ယခုအခါတွင် အခြေတကျဖြစ်ပြီး ဘုန်းတော်ကြီးကျောင်းများ တည်ထားကိုးကွယ်ကြပါသည်။ စေတီများလည်း တည်ထားကိုးကွယ်ကြပါသည်။ ယခင်က ဗမာစကားကို နားမလည် ခဲ့ပါ။ ကျောင်းပညာရေး သင်ကြားရခြင်းကြောင့် ကလေးများ အခြေခံပညာများ တတ်မြောက်ခဲ့ပါသည်။ ယခုလက်ရှိတွင် မူလတန်းကျောင်းဖွင့်လှစ်ပြီး ကျေးရွာတွင်သာ စာသင်ကြားနေပါသည်။ ယခင်က ဘုန်းတော်ကြီးကျောင်း ဇရပ်တွင် စာသင်ကြားခဲ့ကြပါသည်။ သောက်ရေအနေဖြင့် ရေတွင်းတူး၍ သုံးရပါသည်။ အခက်အခဲများရှိခြင်းကြောင့် နောင်တွင် တစ်နယ်သို့ ပြောင်းသွားသောကြောင့် အိမ်ထောင်စုများရှိနေပြီး လယ်ယာမြေစိုက်ပျိုး နေထိုင်ကြပါသည်။ မွေးမြူရေး အတွက် ကျွဲ၊နွား ၊ကြက် ၊ဝက် မွေးမြူရေးကိုလုပ်ကိုင်ကြသည်။ကျန်းမာရေးအနေဖြင့် မှန်ပင်ကျေးရွာဆေးခန်းမှ ကျန်းမာရေး စောင့်ရှောက်မှု ရှိပါသည်။ စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းများ အဓိကထား၍ လုပ်ကိုင်ကြ၍ ပဲ၊ ကြက်သွန်နှင့် တောင်ယာများ စိုက်ပျိုးကြသည်။ ဘာသာသာသနာ ထွန်းကားပါသည်။ ပညာရေးကို ဦးစားပေးသောကျေးရွာလေးဖြစ်ပါသည်။ အိမ်များသည် ခြေတန်ရှည်အိမ်များဖြစ်ပြီး အိမ်အမိုး၊ အကာမှာလည်း သက်ငယ်/သွပ်မိုးကိုသာ သုံးကြသည်။ ရွာပတ်လည်တွင် တောင်တန်းများ ပိုင်းကာထားပါသည်။ ရွာသား/ကျေးရွာသူများ ၊ ရပ်မိရပ်ဖများအနေဖြင့် ကျေးရွာကို ဖွံ့ဖြိုးတိုးတက်အောင် တိုင်ပင်ဆွေးနွေး ကြိုးစားဆောင်ရွက်နေကြပါသည်။

## ၂။ ထူးခြားဖြစ်စဉ်

| စဉ် | အကြောင်းအရာ | ခုနှစ် | ထိခိုက်မှု |
|---|---|---|---|
| ၁ | လေပြင်းမုန်တိုင်းကျရောက် | ၂၀၁၂ | ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း နှင့် အိမ်များ အမိုးလန်ခြင်း |
| ၂ | မိုးခေါင်ခြင်း | ၂၀၁၁ | လယ်ဧက (ရွာ၏လယ်ဧက တစ်ဝက်ကျော်) မစိုက်ပျိုး နိုင်ခဲ့ |
| ၃ | မိုးခေါင်ခြင်း | ၂၀၁၀ | လယ်ဧက (ရွာ၏လယ်ဧက တစ်ဝက်ကျော်) မစိုက်ပျိုး နိုင်ခဲ့ |

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | | | | |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၆ | ၃ | ၃ | ၆ |
| မြေယာမဲ့ | | | | |
| မသန်စွမ်း | | | | |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | လယ်ကူလီ |
| ပဲအမျိုးမျိုး | ဝက် | ချွေလှေ့စက် | တင်းတောင်းယက်ခြင်း |
| နှမ်း | ကျွဲ | ဈေးဆိုင် | ဖကော ဖကာ ယက်ခြင်း<br>ပြည်တောင်းယက်ခြင်း |
| နေကြာ | နွား | ဆီစက် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၅၀ ဧက | ၁၀ ဧက | ၄၀ ဧက | ရှိ | ၁/၁ | |

| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
|---|---|---|---|---|---|---|
| အရေအတွက် | | | ၄ | | ၃ | ၁ |
| | | | | | | |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၄ | ၄ | ၇ | ၁၄၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၁၄ | ၁၃ | ၄ | ၂၀ | |
| | | | | | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | | ၁/ | | ၄ | ၂၀ | - | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၁၀-၁-၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စများ | ၂၂ | ၂၇ | ၄၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၀-၁-၂၀၁၆ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၂ | ၂၇ | ၄၉ | ရာသီဉတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၁၀-၁-၂၀၁၆ | ကျေးရွာကော်မဟင် ရပ်မိ ရပ်ဖ ကျေးရွာလူထု | ၂၂ | ၂၇ | ၄၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၁၁-၁-၂၀၁၆ | အမျိုးသားများကော်မတီဝင်များ | ၂၄ | ၀ | ၂၄ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၁၁-၁-၂၀၁၆ | အမျိုးသမီးများ | ၀ | ၃၅ | ၃၅ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၁၁-၁-၂၀၁၆ | အမျိုးသား /အမျိုးသမီးအုပ်စု လူငယ်အုပ်စု ရပ်မိရပ်ဖ အုပ်စု | ၂၄ | ၃၅ | ၅၉ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၀-၁-၂၀၂၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ ထောက်အဖွဲ့ | ၂၂ | ၂၇ | ၄၉ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၁-၁-၂၀၂၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၄ | ၃၅ | ၅၉ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ကျား၊မ ရေးရာခွဲခြမ်းစိတ်ဖြာခြင်း | ၁၁-၁-၂၀၂၄ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၄ | ၃၅ | ၅၉ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၁၁-၁-၂၀၂၄ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၄ | ၃၅ | ၅၉ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** အုတ်တိုက်၊ ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၈ ဧကအထက်<br>**ကျွဲ၊ နွား-** ၅ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ဆန်စက်၊ ထွန်စက်၊ ၊ ကား၊ ဈေးဆိုင် | ၃ | ၁၇% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၅-၈ ဧကကြား<br>**ကျွဲ၊ နွား-** ၅-၃ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက် | ၉ | ၅၃% |
| နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၃-၁ ဧကကြား<br>**ကျွဲ၊ နွား-** ၃-၁ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ် | ၅ | ၃၀% |
| **စုစုပေါင်း** | | **၁၇** | **၁၀၀%** |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

ရာသီဥတုအခြေအနေမှာ တခူး၊ ကဆုန်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း စသည့် လများတွင် သာယာပြီး ကျန်သည့်လများတွင် မိုးရွာကြောင်း၊ တခါတရံလေပြင်းများလည်း တိုက်ခတ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးသီးနှံများကို မိုးတွင်းကာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ အဓိကစိုက်ပျိုးသီနှံများမှာ စပါး၊ ပဲ၊ နှမ်း၊ နေကြာ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည်။ ကျွဲ၊ နွား၊ ကြက်၊ ဂက်များကို ဆယ့်နှစ်ရာသီ ပတ်လုံးတစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ သဘာဂဘေးအန္တရာယ်ကို မိုးဦးကာလများတွင် အနည်းငယ် ကြုံတွေ့ရလေ့ရှိသည်။ လုပ်ငန်းခွင်ချိန်တွင် လုပ်သားရှားပါးမှုနှင့် ကြုံတွေ့ရပြီး ကျန်သည့်အချိန်များတွင် လုပ်သား ပေါများပါသည်။ ဂမ်းစာဖူလုံမှုတွင် စပါးပေါ်ချိန်တွင် ဂမ်းစာဖူလုံမှုရှိပြီး စိုက်ပျိုးသည့်အချိန်တွင် ဂမ်းစာလုံခြင်း မရှိပါ။ ရာသီပွဲတော်များကို လစဉ်လတိုင်း ကျင်းပခြင်းမရှိဘဲ တန်ခူး၊ ကဆုန်၊ ဂါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊ တပို့တွဲနှင့် တပေါင်းလများတွင် ပြုလုပ်လေ့ရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီရောက်မှ သာ ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် တောင်ပင်းသာကျေးရွာလူထုအားလုံး လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည့်အတွက် မိုးတွင်းကာလ၊ ဆောင်းတွင်းကာလများတွင် လယ်ယာလုပ်ငန်းခွင်နှင့် တိုက်ဆိုင်သောကြောင့် အလုပ်သမားရှားပါးခြင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အချိန်မပေးနိုင်ခြင်း စသည့် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အတွက် အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ပါ။ ထို့ကြောင့် ရာသီဥတုသာယာပြီး ကျေးရွာလူထုအားလုံး ပါဂင်လုပ်ဆောင်နိုင်သည့်ပွင့်လင်းရာသီတွင် လုပ်ငန်းခွဲများလုပ်ဆောင်သင့်ပါကြောင်း သုံးသပ်မိပါသည်။

၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

မှန်ပင်ကျေးရွာတွင် အိမ်ခြေ(၂၇)အိမ်ရှိပြီး စီးပွားအဆင့်(၃)ဆင့်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလလယ်အလတ်၊ (၃) နွမ်းပါး၊ တို့ဖြစ်ပြီး လူတန်းစား(၃)မျိုးလုံး ကျေးရွာတွင်ပျံ့နှံ့၍နေထိုင်ကြကြောင်းဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

ကျေးရွာတွင်း လူမှုစီးပွားအဆင့် ၃ ဆင့် ရှိပြီး ကျေးရွာ အနှံ့ ပျံ့ကျဲစွာနေထိုင်ကြသည်။ ချမ်းသာသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး အလယ်အလတ်စားနိုင်သောက်နိုင်အဆင့်မှာ ကျေးရွာ အိမ်ထောင်စု၏ ၃ ပုံ ၂ ပုံ ခန့်ရှိသည်။ နွမ်းပါးအိမ်ထောင်စု အနည်းငယ်ရှိ၍ မြေမဲ့၊ ယာမဲ့၊ လက်လုပ်လက်စား အိမ်ထောင်စု များလည်းရှိသည်။ မှန်ပင်ကျေးရွာ အနေဖြင့် လယ်ယာလုပ်ငန်းကို အဓိကမှီခိုနေရပြီး မြေမဲ့၊ ယာမဲ့များ လည်း ရှိနေသဖြင့် ဂမ်းစာဖူလုံမှုရှိရန်အတွက် အလွန်ခက်ခဲသည်။ ထို့ကြောင့် လူတန်းစားအဆင့် လျော့နည်း သွားစေရန် အလုပ်အကိုင်အခွင့်လမ်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



## ဆွေးနွေးချက်


မှန်ပင်အနီးဂန်းကျင်ရှိ အရင်းအမြစ်များကို ဆွေးနွေးခဲ့ပါသည်။သဲ၊ကျောက်၊ သစ်ရရှိနိုင်မှုများ ဆွေးနွေးသည်။ မှန်ပင်ရွာ၏ တောင်ဘက်တွင် ချောင်းရှိပြီး လယ်/ယာစိုက်ပျိုးရေးအတွက် ချောင်းအတွင်း ကိုယ်ထူကိုထ သစ်လုံးဆည် တည်ဆောက်ပြီး ၄င်းဆည်မှ တူးမြောင်းဖြင့် ရေသွင်းစိုက်ပျိုးကြသည်။ အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး မြောက်ဘက်တွင် တောင်တန်းများ ဂန်းရံထားပြီး နှင့် အနောက်ဘက်တွင် လယ်ကွင် းများရှိပါသည်။ စာကျက်မြေများလည်းရှိပြီး လယ်မြေများတွင်မိုးရာသီတွင် စပါး၊ နွေရာသီတွင် မြေပဲ၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ ကျွဲ၊နွား၊ကြက်၊ဂက် များလည်း တပိုင်တနိုင်မွေးမြူကြ သည်။ စိုက်ပျိုးရေးနည်းပညာများမသိခြင်း၊ အချို့တွင် မိုးရေဖြင့်သာစိုက်ပျိုးရခြင်း ၊မျိုးကောင်းမျိုးသန့်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲသောကြောင့် စီးပွားရေး အားနည်းပါသည်။

## သုံးသပ်ချက်

**ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ** မှန်ပင်ကျေးရွာ၏ တောင်ဘက်မှ ရွာဘေးသို့စီးဆင်းသွားသော ချောင်းရှိပြီး လယ်/ယာစိုက်ပျိုးရေးအတွက် ရေကို ချောင်းအတွင်း ကိုယ်ထူကိုယ်ထ သစ်လုံးဆည် တည်ဆောက်ပြီး ၄င်းဆည်မှ တူးမြောင်းဖြင့် ရေသွင်းစိုက်ပျိုးကြသည်။ မြောက်ဘက်တွင် တောင်ယာများ ရှိပြီးတောင်တန်းများတည်ရှိနေပါသည်။ရွာ၏ တောင်ဘက်တွင် လယ်ကွင်းများရှိပြီး တောင်ဘက်နှင့် မြောက်ဘက်တွင် တောင်တန်းများ ဂန်းရံထားပြီး နှင့်အနောက်ဘက်တွင် လယ်ကွင်းများရှိပါသည်။ စာကျက်မြေများလည်းရှိပြီး လယ်မြေများတွင်မိုးရာသီတွင် စပါး၊ နွေရာသီတွင် မြေပဲ၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ ကန်ပေါက်တာရွာတွင် ကျွဲ၊နွား၊ကြက်၊ဂက် များလည်း တပိုင်တနိုင်မွေးမြူကြ သည်။ စိုက်ပျိုးရေးနည်းပညာများမသိခြင်း၊ အချို့တွင် မိုးရေဖြင့်သာစိုက်ပျိုးရခြင်း ၊မျိုးကောင်းမျိုးသန့်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲသောကြောင့် စီးပွားရေး၊ ပညာရေး အားနည်းပါသည်။ စနစ်ကျသော မွေးမြူနည်းမသိခြင်းကြောင့် ဓလေ့မွေးမြူနည်းဖြင့်သာ မွေးမြူကြပါသည်။

**အရင်းအမြစ်နှင့်ဆက်စပ်သောပြသာနာများ-** မှန်ပင် ကျေးရွာသည် စိုက်ပျိုးရေးအတွက် ဆည်ရေသွင်း ဖြစ်သော်လည်း ရာသီဥတုမမှန်ပါက သီးနှံဖြစ်ထွန်းမှု နည်းပါးပါသည်။ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် မရှိသဖြင့် အထွက်နှုန်းလျော့ပြီး အကြွေးတင်မှုများ ရှိလာပါသည်။ မိုးတွင်းကာလတွင် ချောင်းရေကြီးလျှင် စပါးခင်းများ ရေလွှမ်းတတ်ပါသည်။ အရင်းအမြစ်များကို မှန်ကန်စွာ အသုံးချတတ်မှု အားနည်းခြင်းများ ရှိနေပါသည်။ အရင်းအမြစ်များ အသုံးချရန် လိုအပ်သော နည်းပညာ အကူအညီများ လိုအပ်နေပါသည်။ စိုက်ပျိုးဌာနနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅။ အမျိုးသား/အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း




## ဆွေးနွေးချက်

ကျေးရွာချင်းဆက်လမ်းမကောင်း ရသည့်အကြောင်းရင်း များနှင့်လမ်းမကောင်း၍ ဖြစ်ပေါ်လာသောဆိုးကျိုးများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာချင်းဆက်လမ်း မကောင်းခြင်း ကြောင့်သွားလာရေးခက်ခဲခြင်း ဒေသအရင်းအမြစ်များ ရောင်းချရာတွင်ခက်ခဲခြင်း ၊အလုပ်အကိုင် ဂင်ငွေ ရှားပါး ဖွံ့ဖြိုးမှု နောက်ကျခြင်း စသည့် အကျိုးဆက်များ ခံစားခဲ့ရကြောင်း ဆွေးနွေးခဲ့ကြသည်။ အကြောင်းအရင်းများ ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

ကျေးရွာချင်းဆက်လမ်းများရရှိပါက ဒေသထွက် ရာသီပေါ်သီးနှံများ လွယ်ကူစွာ ရောင်းချနိုင်ကာ မိသားစု အလုပ်အကိုင် ဂင်ငွေများ ရရှိလာနိုင်မည် ဖြစ်သည်။ ကျေးရွာ၏ ပညာရေး၊ စီးပွားရေး ကျန်းမာရေး စသည့်ကိစ္စရပ်များ အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

## ၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



**ဆွေးနွေးချက်**

ကျေးရွာလူထုမှ အခက်အခဲများကို ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။ ဦးစားပေးရွေးချယ်ရာတွင် အကျိုးပြုလူဦးရေ ၊ အပါယ်ခံအကျိုးခံစားမှု ၊ ကျေးရွာထည့်ဝင်နိုင်မှုများကို ဆွေးနွေးကာ ရွေးချယ်ခဲ့သည်။ အုပ်စုဖွဲ့ဆွေးနွေးခဲ့သော အခက်အခဲများကို ကျေးရွာလူထုမှ ဦးစားပေးရွေးချယ်ခဲ့ကြသည်။ လူမျိုးဘာသာမရွေးတန်းတူအကျိုးခံစားခွင့်ရှိရမည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။

**သုံးသပ်ချက်**

မှန်ပင်ကျေးရွာအနေဖြင့် စီမံကိန်းပထမနှစ်တွင် တာပိုင်ပြုပြင်ခြင်းလုပ်ငန်းခွဲကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။စီမံကိန်း ဒုတိယနှစ်တွင် အုပ်စုထောက်ပံ့ငွေလိုအပ်ချက်အရ ကျေးရွာများ အလှည့်ကျ စနစ်ဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မှန်ပင်ကျေးရွာ အနေဖြင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မရှိပါ။စီမံကိန်းတတိယနှစ်တွင် ကျေးရွာ၏ ပထမဦးစားပေးအနေဖြင့် စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း၊ ဒုတိယဦးစားပေးအနေဖြင့် မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း၊ တတိယဦးစားပေးအနေဖြင့် ရွာတွင်းတံတားပြုပြင်ခြင်း၊စာကြည့်တိုက်ပြုပြင်ခြင်းနှင့် ကျေးရွာခန်းမ တည်ဆောက်ခြင်း အစရှိသည့် စီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာလူထုမှ ဦးစားပေအလိုက် ရွေးချယ်ဆုံးဖြတ် ခဲ့ကြပါသည်။

၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



**ဆွေးနွေးခြင်း**

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ကျေးရွာပြင်ပတွင်ရှိသည့် အဖွဲ့အစည်းများနှင့် ကျေးရွာလူထု ချိတ်ဆက် ဆောင်ရွက် နေမှုအနေအထား ကို ဆွေးနွေးခဲ့ပါသည်။

**သုံးသပ်ချက်**

**ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ**

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသားအဖွဲ့၊အမျိုးသမီးများအဖွဲ့၊ ဂေါပကအဖွဲ့ ကျေးရွာစီမံကိန်း အထောက်အကူ ပြုကော်မတီများရှိကြပြီး စုပေါင်းအစည်းအဝေးပြုလုပ် မှတ်တမ်းတင်ကာ ကျေးရွာ၏ ဘာသာရေး ၊ လူမှုရေး ၊ သာရေး၊ နာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာအကျိုးပြုလုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်ကြပါသည်။

**ကျေးရွာပြင်ပအဖွဲ့အစည်းများ**

မုန်ပင် ကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး ၊ မြေစာရင်း၊ သမ၊ စိုက်ဘဏ်၊ လ.ဂ.က၊ နှင့် မြို့နယ်ရဲတပ်ဖွဲ့ လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်မှု များရှိပါသည်။

## ၉။ ကျား၊ မရေးရာခွဲခြမ်းစိတ်ဖြာခြင်း



**ဆွေးနွေးချက်**

အမျိုးသမီ/အမျိုးသားများ၏ပိုင်ဆိုင်မှု အသုံးပြုမှုများ ဆွေးနွေးခဲ့ပါသည်။ အမျိုးသမီး စီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ တင်ပြဆွေးနွေးခဲ့ပါသည်။ မှန်ပင်ကျေးရွာတွင် အိမ်ခြေ(၂၇)အိမ်ရှိပြီး စီးပွားအဆင့် (၃)ဆင့်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလယ်အလတ်၊ (၃) နွမ်းပါး၊ တို့ဖြစ်ပြီး လူတန်းစား(၃)မျိုးလုံး ကျေးရွာတွင် ပျံ့နှံ့၍ နေထိုင်ကြကြောင်းဆွေးနွေးခဲ့ကြသည်။

**သုံးသပ်ချက်**

အမျိုးသား /သမီး တန်းတူ အကျိုးခံစားခွင့် ရှိရပါမည်။ အမျိုးသမီး ပိုင်ဆိုင်မှု ထိမ်းချုပ်မှု အသုံးပြုမှုများ တန်းတူရှိရပါမည်။ ဦးဆောင်မှု စီမံခန့်ခွဲမှုများ တန်းတူဖြစ်ရပါမည်။ ကျေးရွာတွင်း လူမှုစီးပွားအဆင့် ၃ ဆင့် ရှိပြီး ကျေးရွာ အနှံ့ ပျံ့ကျဲစွာနေထိုင်ကြသည်။ ချမ်းသာသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး အလယ်အလတ်စားနိုင်သောက်နိုင်အဆင့်မှာ ကျေးရွာ အိမ်ထောင်စု၏ ၃ ပုံ ၂ ပုံ ခန့်ရှိသည်။ နွမ်းပါးအိမ်ထောင်စု အနည်းငယ်ရှိ၍ မြေမဲ့၊ ယာမဲ့၊ လက်လုပ်လက်စား အိမ်ထောင်စု များလည်းရှိသည်။ မှန်ပင်ကျေးရွာ အနေဖြင့် လယ်ယာလုပ်ငန်းကို အဓိကမှီခိုနေရပြီး မြေမဲ့၊ ယာမဲ့များ လည်း ရှိနေသဖြင့် ဂမ်းစာဖူလုံမှုရှိရန်အတွက် အလွန်ခက်ခဲသည်။ ထို့ကြောင့် လူတန်းစားအဆင့် လျော့နည်း သွားစေရန် အလုပ်အကိုင်အခွင့်လမ်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

၁၀။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

အမျိုးသား၊အမျိုးသမီးများ ကျေးရွာတွင် တန်းတူညီမျှမှုရှိ/မရှိ သိရှိစေနိုင်ရန် ပူးပေါင်းပါဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ခေါင်းဆောင်မှု၊ ဝင်ငွေ၊အိမ်မှုကိစ္စဆောင်ရွက်မှု၊ပညာရေးလက်လှမ်းမှီမှု၊ ဆုံးဖြတ်ချက် ချနိုင်မှု(ရပ်ရေးရွာရေး)၊ဝင်ငွေအပေါ် စီမံခန့်ခွဲမှု အစရှိသည့်ခေါင်းစဉ်ရှစ်မျိုးဖြင့် ကျား၊မ သီးသန့် အုပ်စုခွဲကာ ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

မှန်ပင်ကျေးရွာတွင် ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု မှာ အမျိုးသားများများက ၇၀% နှင့် အမျိုးသမီးများ ၅၀%ရှိနေ၍ တန်းတူဖြစ်အောင် ကြိုးစားရန်လိုအပ် ပါကြောင်းတွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင်အမျိုးသားများကပိုမိုနေပြီး စိုက်ပျိုးရာသီ ပြီးချိန် အမျိုးသားများက မြို့နယ်ပြင်ပ သို့သွား ရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။အမျိုးသားများ ၉၀%နှင့်အမျိုးသမီးများက ၄၀%သာရှိကြောင်းတွေ့ရပါသည်။အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၄)အထိ ရောက်ရှိနေပြီး အမျိုးသားများသာ ဝင်ငွေပိုရရှိနေသည့် အနေအထားတွေ့ရပါသည်။ အမျိုးသားများက အပြင်ထွက်စီးပွား ရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီးကိစ္စများ ဆောင်ရွက် နေရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။အရင်းအမြစ်အပေါ် အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာ ကွာဟချက် မရှိပါ။ အကြောင်းမှာတောတောင်များထဲတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အတူတကွ လုပ်ကိုင် ကြသောကြောင့်ဖြစ်သည်။ကန်ပေါက်တာကျေးရွာအနေဖြင့် ပညာသင်ကြားခွင့်နှင့် ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အခွင့်အရေး ပိုနည်း နေသည်ကို တွေ့ရပါသည်။ အမျိုးသားများအနေဖြင့် မိမိကျေးရွာမှ အခြားရွာများသို့သွားရောက်ပညာသင်ကြားသောကြောင့်ဖြစ်ပါသည်။ အမျိုးသမီးအနေဖြင့် ပညာရေး ကို လက်လှမ်းမမှီသည့် အနေအထားရှိပါသည်။ရပ်ရေးရွာရေး ကိစ္စများတွင်အရေးပါမှုနှင့် ဆုံးဖြတ်ချက် ချသည့်နေရာများတွင် အမျိုးသမီးများ၏ အဆင့်နေရာသည် များစွာကွာဟမှု ရှိနေပြီးတန်း တူမှုမရရှိသေးပါ။ ကန်ပေါက်တာရွာမှ အမျိုးသမီးများအားနေရာပေးမှုမှာ အစဉ်အလာအရ အမျိုးသားများက နေရာ ယူထားပြီး အမျိုးသမီးများကလည်းနေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေ ပါသေး သည်။ အမျိုးသမီးများသည် အဆင့် ၄တွင်သာရှိသောကြောင့် ခေါင်းဆောင်ခွင့်ပေးရန်လိုနေသေးကြောင်း တွေ့ရှိရပါသည်။ကန်ပေါက်တာကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီးများတွင် အမျိုးသမီးများက ပိုမိုဆောင်ရွက် နေကြရ ပါသည်။ အမျိုးသမီးများက အိမ်မှုကိစ္စ ဆောင်ရွက် နေရသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း၊ ဝင်ငွေနည်းပါကြပါသည်။ ရွာမှ အမျိုးသား များအနေဖြင့် အိမ်မှုကိစ္စများတွင် ပိုင်းကူလုပ်ပေး ရန်လိုအပ်ပါသည်။ အမျိုးသမီးများ၏ အိမ်မှုကိစ္စဆောင်ရွက်မှုမှာ အဆင့် ၈၀%တွင်ရှိကြောင်းတွေ့နိုင်ပါသည်။

## ၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကျေးရွာလူထုမှအနာဂါတ်မျော်မှန်းချက်များ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုးမှုများ ဆွေးနွေးခြင်း ၊ ရွာတွင်းလမ်းကောင်းမွန်ပြီး သွားရေးလာရေး အဆင်ပြေမှုများ ဆွေးနွေးခဲ့သည်။ ကျောက်ကြီးစီတံတားရရှိပြီး သွားလာရအဆင်ပြေမှုများ ဆွေးနွေးခဲ့ပါသည်။ မှန်ပင်ကျေးရွာသည် အိမ်ခြေ(၂၇) အိမ်ရှိပြီး စီးပွားအဆင့်(၃)ဆင့်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၄င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလယ်အလတ်၊ (၃) နွမ်းပါး၊ ဖြစ်ပြီး လူတန်းစား(၃)မျိုးလုံး ကျေးရွာတွင် ပျံ့နှံ့၍ နေထိုင်ကြကြောင်း ဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

ကျေး့ရွာအနာဂါတ်ကာလတွင် ကျေးရွာလမ်းတံတား အခြေခံအဆောက်အဦ များရရှိကာ ကျေးရွာဖွံ့ဖြိုးလာမည်။ ကျေးရွာတွင်း လူမှုစီးပွားအဆင့် ဆင့် ရှိပြီး ကျေးရွာ အနှံ့ ပျံ့ကျဲစွာနေထိုင်ကြသည်။ ချမ်းသာသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး အလယ်အလတ်စားနိုင်သောက်နိုင်အဆင့်မှာ ကျေးရွာ အိမ်ထောင်စု၏ ၃ ပုံ ၂ ပုံ ခန့်ရှိသည်။ နွမ်းပါးအိမ်ထောင်စု အနည်းငယ်ရှိ၍ မြေမဲ့၊ ယာမဲ့၊ လက်လုပ်လက်စား အိမ်ထောင်စု များလည်းရှိသည်။ ကျေးရွာလူထု အနေဖြင့် လယ်ယာလုပ်ငန်းကို အဓိကမှီခိုနေရပြီး မြေမဲ့၊ ယာမဲ့များ လည်း ရှိနေသဖြင့် ဂမ်းစာဖူလုံမှုရှိရန်အတွက် အလွန်ခက်ခဲသည်။ ထို့ကြောင့် လူတန်းစားအဆင့် လျော့နည်း သွားစေရန်အလုပ်အကိုင်အခွင့်လမ်းများ ဆောင်ရွက်ပေးရန် လိုအပ် နေပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စုများ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ




ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



တတိယနှစ်စီမံကိန်းလုပ်ငန်းခွဲမဆောင်ရွက်မှီမှတ်တမ်းဓါတ်ပုံ



တတိယနှစ်စီမံကိန်းလုပ်ငန်းခွဲမဆောင်ရွက်မှီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဂင်းအောင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်သန်းသန်းနွယ် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးမင်းမင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်ဖြူဖြူမြင့် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးမြင့်ထူး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးသန်းဝေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်ဇင်မာဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးမြို့လွင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်မို့မို့စန်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဌ |
| ၁၀ | ဒေါ်ထက်ထက်ဂတ်မှုံ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးသိန်းစိုးဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဒေါ်နွဲ့နွဲ့ဂင်း | မ | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးအောင်ထွန်းဦး | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်အိရတနာထွန်း | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးဝေယံစိုး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အိဖြူ | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးဂင်းအောင်　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

ဒေါ်သန်းသန်းနွယ်　　ကျေးရွာအုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဌ

**မှတ်တမ်းတင်သူ**

အမည်။ ဦးသောင်ထွန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၁၂ / ၁ / ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးခေါင်အောင် | | | ဦးသောင်းထွန်း |
| ပြည်နယ်/တိုင်းဒေသကြီး: စစ်ကိုင်း | မြို့နယ်: ပင်လည်ဘူး | ကျေးရွာအုပ်စု: မော်ဂါ | ကျေးရွာ: မြနိပင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၂၇ | ဘာသာ (၁) ဗုဒ္ဓ | |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုပေါင်း ------------ | | ဘာသာပေါင်း ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၀ | ၆၉ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

**(၁) စာသင်ကျောင်း**

| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ |
| အခြား | ☐ | ☐ |
| မှတ်ချက် | | |

**(၂) ကျန်းမာရေး**

| | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| ဆရာဝန် | ☐ | ☐ |
| လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ |
| အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ |
| သားဖွားဆရာမ | ☐ | ☐ |
| ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ |
| မှတ်ချက် | | |

**(၃) လက်မှုပညာရှင်**

| | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| လက်သမား | ☐ | ☐ |
| ပန်းရံ | ☐ | ☐ |
| လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ရေပိုက်သွယ်သူ | ☐ | ☐ |
| စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား __________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------------------------------

(၂) ------------------------------


(ဂ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

| | |
|---|---|
| | လက်မှတ် (signature) |
| ကျေးရွာခေါင်းဆောင် | အမည် ဦး မောင်အောင် |
| | လက်မှတ် (signature) ရက်စွဲ 5.2.2017 |
| လူထုစည်းရုံးရေးမှူး | အမည် ဦး သောင်းထွန်း |


## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား



ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသောင်းထွန်း | | | |
| နေ့စွဲ ၉.၂.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် မင်းကင်း | ကျေးရွာအုပ်စု ဖေါ်ဘိ | ကျေးရွာ ဖါးပင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၂.၂၀၁၇ | ၉.၂.၂၀၁၇ | ၁၄ | ၁၃ | ၂၇ | ၂၇ ကနီ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၂.၂၀၁၇ | ၆.၂.၂၀၁၇ | ၁၄ | ၅ | ၁၉ | ၁၉ ကနီ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၉.၂.၂၀၁၇ | ၉.၂.၂၀၁၇ | ၁၅ | ၇ | ၂၂ | ၂၂ ကနီ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 15.3.2017 | 15.3.2017 | ၁၆ | ၉ | ၂၅ | ကနီ -၂၅ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |



| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 15.3.2017 | 15.3.2017 | ၁၆ | ၉ | ၂၅ | စာနှုံး- ၂၅ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 16.3.2017 | 16.3.2017 | ၂၂ | ၁၄ | ၃၆ | စာနှုံး-၃၆ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဘောင်ထွန်း

နေ့စွဲ ၆-၂-၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း စစ်ကိုင်း၊ မင်းကင်းမြို့နယ် | ကျေးရွာအုပ်စု ဖမောင်ကြီး | ကျေးရွာ ငှဲမင်

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာကြည့်တိုက်မရှိခြင်း | ၁ | ရေကြီးကျောင်း |
| ၂ | ရွာချင်းဆက်လမ်း | ၂ | စာသင်ကျောင်းနံရံတိုင် |
| ၃ | စာသင်ကျောင်းနံရံတိုင် | ၃ | ရွာလယ်တံတား |
| ၄ | ခန်းမဆောင် | ၄ | ကျေးရွာခန်းမ |
| ၅ | | ၅ | စာကြည့်တိုက်မရှိခြင်း |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာကြည့်တိုက်ဆောက်ပြီး | ၁ | ရေကြီးကျောင်းဆောက်ပြီး |
| ၂ | ရွာချင်းဆက်လမ်းဖောက်ပြီး | ၂ | စာသင်ကျောင်းနံရံတိုင်ဆောက်ပြီး |
| ၃ | စာသင်ကျောင်းနံရံတိုင်ဆောက်ပြီး | ၃ | ရွာလယ်တံတားဆောက်ပြီး |
| ၄ | ခန်းမဆောင်ဆောက်ပြီး | ၄ | ကျေးရွာခန်းမဆောင်ဆောက်ပြီး |
| ၅ | | ၅ | စာကြည့်တိုက်ရှိပြီးပြီ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောက်တတ်တိုင်း | ကျ+မ | | |
| ၂ | ဘုန်းကြီးကျောင်း | မ | | |
| ၃ | ရွာလယ်တံတား | ကျ+မ | | |
| ၄ | စာကြည့်တိုက်ဖွင့်ခြင်း | ကျ+မ | | |
| ၅ | ကျေးရွာစနိုးမ | ကျ+မ | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးဆည်တာမံ | ကျ | |
| ၂ | မွေးမြူရေးနည်းပညာ | မ | |
| ၃ | စိုက်ပျိုးရေးနည်းပညာ | ကျ | |
| ၄ | အိမ်တွင်းမှုလက်မှုပညာ | မ | |
| ၅ | | | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသန်းလွင် ............ လက်မှတ် [illegible] ............ နေ့စွဲ 6.2.2017

# ၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible]

နေ့စွဲ 9.2.2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | [illegible]-710' | | ☐ ကျား ☑ မ ☐ ကျား+ မ | 10617730 | | | | |
| [illegible] | [illegible] | L-182' B : 6' H : 9" | | ☑ ကျား ☑ မ ☐ ကျား+ မ | 10680050 | | | | |
| [illegible] | [illegible] | L-275' B-10' 9" | | ☑ ကျား ☑ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

## ၁၃။ အစည်းအဝေး မှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ..........မဲသဒ..........

ကျေးရွာအုပ်စု ..........ဖယ်ခါး..........

အစည်းအဝေးပြုလုပ်သည့်နေရာ ..........၆.၂.၂၀၁၇..........

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ..........ဆွန်းဘုန်းကြီးကျောင်း ဇရပ်..........

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ..........ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီ ဖွဲ့စည်းခြင်းနှင့်
..........ကျေးရွာစီမံချက်ရေးဆွဲခြင်း..........

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၁၅ )ဦး၊ မ( ၁၂ )ဦး=( ၂၇ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီဖွဲ့စည်းရန်အတွက် ဒုတိယအကြိမ်မြောက်
အစည်းအဝေးကို (၆.၂.၂၀၁၇) ရက်နေ့ မနက် (၁၀) နာရီတွင် စတင်ကျင်းပပါသည်။
အစည်းအဝေးကို အမျိုးသား (၁၅) ဦး နှင့် အမျိုးသမီး (၁၂) ဦး တက်ရောက်ခဲ့ပါ
သည်။ ယခုအကြိမ်တွင် ကော်မတီဖွဲ့စည်းရာတွင် လူထုဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက်ရှိရန်အ
တွက် ကော်မတီရွေးချယ်ရာတွင် ဂရုစိုက်၍ ရွေးချယ်ရန်နှင့် ကော်မတီများ၏
တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး ရွာသူ/သားများအား မေးမြန်း
ဖြင့် ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မိုးကြူ
ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ရွာသူ/သားများသည် လိုအပ်
သော ကော်မတီဝင် အမျိုးသား/အမျိုးသမီး (၁၆) ယောက်ကို ရွေးထုတ်

သက်ဆိုင်ရာဆယ်ကျော်သက်အသင်းသို့ တွင်ရောက်ရပေးအပြီး တာဝန်ထမ်းဆောင်ကြ

ကများ ဆန္ဒပြည့်သော ဝေဖန်ဆွေးနွေးမှု တင်ပြခဲ့ကြပါသည်။ ထို့နောက်ကျေးရွာ

အတွက်လိုအပ်သော လုပ်ငန်းများ ရွေးချယ်ရန်အတွက် အုပ်စုကြိုက်မှုရှိစေရန် နိုးထ စည်း

ရုံးရေးမှူးဒေါ်ခင်မြဲ့ ရှိမှ လိုအပ်ချက်နှင့် လိုချင်သောဆန္ဒ ကွဲ ကွဲ ပြားပြား ရေးချယ်

စဉ်ထုတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားပါသည်။ ထို့နောက်ရွာသူ

ရွာသားများသည် မိမိတို့ကျေးရွာအတွက်လိုအပ်သော လုပ်ငန်း အမှန်ဖြစ်ပေါ်လာနိုင်ရန်

အတွက်တကယ်ရောက်လာကြသော ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆယ်ကျော်သက်

များ၊ အမျိုးသမီးများ၊ လူငယ်လူရွယ်များ အပြန်အလှန် ဆွေးနွေးကြပါသည်။

ထို့နောက် မိမိတို့ဆန္ဒ အမှန်ဖြစ်ပေါ်နိုင်ရန်အတွက်၊ အမျိုးသားအဖွဲ့၊ အမျိုး

သမီးအဖွဲ့၊ လူငယ်အဖွဲ့ အဖွဲ့ခွဲ၍ ဆွေးနွေးမှု ပေါ်ထွက်ခဲ့ကြပါသည်။ ထို့နောက်

ထွက်ပေါ်လာသော လုပ်ငန်းလိုအပ်ချက်များကို ပေါ်ထွက်ရှိ ဦးစားပေး လုပ်ငန်း

များရွေးချယ်ရာတွင်အများ ဆန္ဒဖြင့် တစ်ခုချင်းစီ နှိုင်းယှဉ်၍ ရွေးချယ်ခဲ့

ကြပြီး ဦးစားပေးလုပ်ငန်းများကို ပေါ်ထွက်နိုင်ခဲ့ပါသည်။ ညနေ (၃:၀၀) နာရီ

အချိန်တွင် နုတ်ဆက်ပွဲအစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ရေး

ဒေါ်ဘွေဇော်

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............မဲယင်........................

ကျေးရွာအုပ်စု ............မော်ပါး........................

အစည်းအဝေးပြုလုပ်သည့်နေရာ ............ဆွမ်းကြီးကျောင်းဇရပ်........................

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............၅.၂.၂၀၁၇........................

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ............တတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

............နှင့် လူထုဆန္ဒစစ်ခြင်း........................

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၁၄ )ဦး၊ မ( ၁၃ )ဦး=( ၂၇ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ မော်ပါးအုပ်စုတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု စီမံကိန်း၏ တတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေးကို မဲယင်ကျေးရွာ ဆွမ်းတော်ကြီးကျောင်းဇရပ်တွင် (၅.၂.၂၀၁၇) ရက်နေ့ နံနက် (၁၀) နာရီတွင်စ တင်ကျင်းပပါသည်။ အစည်းအဝေးတွင် အမျိုးသား (၁၄) ဦး နှင့် အမျိုးသမီး (၁၃) ဦး တက်ရောက်ဆွေးနွေးကြပါသည်။ ပထမဦးဆုံး ရွာ့ဝါရင့်ဆောင်ရွက်သူမှ နှုတ်ခွန်း စကားပြောကြားပြီး လူထုစည်းရုံးရေးမှူး ဒေါ်ခင်ပြုံးရီမှ အစည်းအဝေးပြုလုပ်ရ ခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ကြမည့် အကြောင်းအရာများကို ရှင်းလင်း ပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်တင်မာစန်းမှ

စီမံကိန်းနှင့်ပတ်သက်သောအချက်အလက်များ၊ ဓာတ်ပုံများ၊ လိုက်နာရမည့်စည်းမျဉ်း
စည်းကမ်းများကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုး
တိုးတက်မှုအခြေအနေများကို မှတ်တမ်းကောက်ယူရန်အတွက် ကျေးရွာတွင်ရှိ
အိမ်အခြေအနေ၊ ပိုင်ဆိုင်မှုပစ္စည်း၊ ဝင်ငွေအခြေအနေများကို အများဆန္ဒဖြင့်
သဘောတူသတ်မှတ်ပြီး လူမှုရေးမြေပုံကို ဝိုင်းဝန်းရေးဆွဲဖြည့်စွက်ခဲ့
ကြပါသည်။ ရွာသူ/သားများ လုပ်ကိုင်စားသောက်အသုံးပြုကြသော သဘာဝအရင်း
အမြစ်များဖြစ်ကြသော၊ လယ်၊ ယာ၊ ချောင်း၊ မြောင်း၊ အခြေခံအဆောက်အအုံများ
ကိုအများဆန္ဒဖြင့်ရေးဆွဲပြီး နောင်(၅)နှစ်အတွင်း လုပ်ဆောင်ကြမည့်လုပ်ငန်း
ရည်မှန်းချက်များ၊ သွားလာရေးအခြေအနေ၊ ကျန်းမာရေးအခြေအနေ၊ စိုက်ပျိုးမွေး
မြူရေး၊ ဝင်ငွေရရှိမှု၊ ပွဲတော်များ၊ အလှူမင်္ဂလာများ ကျင်းပမှုအခြေအနေ
များကိုသိရှိနိုင်ရန်အတွက် ရာသီဥတုပြက္ခဒိန်ကို ရွာသူ/သားများ၏ဆန္ဒ
ဖြင့်ရေးဆွဲကြပါသည်။ အမျိုးသမီး၊ အမျိုးသားများ၏ လုပ်ပိုင်ခွင့်၊ အသုံးပြု
ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ ပညာသင်ကြားနိုင်မှုအခြေအနေ၊ ဝင်ငွေရရှိမှု၊
ကျန်းမာရေးစောင့်ရှောက်မှု၊ အရင်းအမြစ်အပေါ်အသုံး၊ ချဉ်းကပ်မှုများကိုသိသာ
ထင်ရှားစွာသိရှိနိုင်ရန်အတွက် ပင့်ကူအိမ်ပုံသဏ္ဍာန်ဇယားကွက်ကိုအသုံးပြု၍
ဇယားထုတ်ရေးဆွဲခဲ့ကြပါသည်။

အေး
ဒေါ်လှအေး

# ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
အနှစ်ချုပ်

[illegible]

မှုရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။
MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | စာကြည့်တိုက် | ☑ ကျား ☑ မ | | |
| | ၂ | ကျေး ရွာခရိုင်းမ | ☑ ကျား ☑ မ | | |
| | ၃ | [illegible] | ☐ ကျား ☑ မ | | |
| | ၄ | စာသင်ကျောင်းဆောက်လုပ်ရေး | ☑ ကျား ☑ မ | | |
| | ၅ | ရွာတွင်းတံတား | ☑ ကျား ☑ မ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေး နည်းပညာ | ☑ ကျား ☑ မ | | |
| | ၂ | မွေးမြူရေး နည်းပညာ | ☑ ကျား ☑ မ | | |
| | ၃ | စိုက်ပျိုးရေး ဆည်မြောင်း | ☑ ကျား ☑ မ | | |
| | ၄ | အထည်ချုပ်ပညာ | ☐ ကျား ☑ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး | ၁ | မူကြိုကျောင်း | ☐ ကျား ☑ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | [illegible] | ☑ ကျား ☑ မ | | |
| | ၂ | [illegible] | ☑ ကျား ☑ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |